## ဘုရားသခင်၏ခမ်းနားထည်ဝါလှသော အိမ်တော်ထဲက၊ ထိုအိမ်တော်အတွက် အသက်၏အမှုတော်ဖြင့် အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယေဇ၊၄၇း၁-၁၂။ ၂ကော၊၃း၆။ ၁ကော၊၉း၁၁။ ၃း၆၊ ၉။ ၄း၁၅။ ၃း၂၊ ၁၂

**I. ခရစ်ယာန်အသက်တာကို အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်ထဲကထွက်သော အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ယေဇ၊၄၇း၁-၁၂။**

A. ဘုရားသခင်၏အဆုံးစွန်သော လှုပ်ရှားမှုမှာ လူကို ဘုရားသခင်၏ဘုန်းတော်၊ ထင်ရှားခြင်းအတွက် ကိုယ်တော်၏အသက်၊ သဘောသဘာဝ၊ ဒြပ်သဘာဝနှင့် အနှစ်သာရ၌ ကိုယ်တော်ဖြစ်ခြင်းရှိသမျှအားလုံးဖြင့် ပျော်ဝင်ပြည့်ဝစေခြင်းအားဖြင့် လူအား ဘုရားဖြစ်စေခြင်းငှာ လူ၌ ကိုယ်တော်၏လှုပ်ရှားခြင်းပင် ဖြစ်သည် - ၂ကော၊၃း၁၈။ ၁ယော၊၃း၂။

B. ရေသည် တံခါးခုံအောက်ထဲမှ စီးထွက်လာသည် - ယေဇ၊၄၇း၁။

1. ရေသည် စီးဆင်းလာခြင်း ရှိရန်အလို့ငှာ တံခါးခုံ တည်းဟူသော ဖွင့်ထားခြင်း ရှိရမည်ဖြစ်သည် - ညွှန်း၊ ဆာ၊၈၁း၁၀။
2. ကျွန်ုပ်တို့သည် သခင်ဘုရားထံ ပို၍ နီးကပ်ခြင်းရှိကာ၊ ကိုယ်တော်နှင့် ဆက်သွယ်ခြင်း ရှိကြလေလေ၊ အသင်းတော်ထဲက အသက်ရှင်သောရေ စီးထွက်လာခြင်းငှာ အခွင့်ပေးသော ဖွင့်ထားခြင်း ရှိလိမ့်မည်ဖြစ်သည် - *ဓမ္မသီချင်း*- ၄၃၄။

C. စီးဆင်းခြင်းသည် အရှေ့ဘက်ဆီသို့ ဖြစ်သည် - ယေဇ၊၄၇း၁။

1. ဘုရားသခင်၏မြစ်ရေသည် ဘုရားသခင့်ဘုန်းတော်၏ ဦးတည်ရာ၌ စီးဆင်းနေသည် - ညွှန်း၊ စာရင်း၊၂း၃။ ယေဇ၊၄၃း၂။
2. အသင်းတော်ရှိ အယောက်တိုင်းသည် ဘုရားသခင်၏ဘုန်းတော်အတွက် ရှာဖွေခြင်းနှင့် ဂရုစိုက်ခြင်းရှိမည်ဆိုလျှင် အသက်ရှင်သောရေသည် အသင်းတော်မှ စီးထွက်လာလိမ့်မည်ဖြစ်သည် - ယော၊၇း၁၈။ ၁ကော၊၁၀း၃၁။

D. ရေသည် အိမ်တော်၏ လက်ယာဘက်မှ စီးထွက်လာသည် - ယေဇ၊၄၇း၁။

1. သမ္မာကျမ်းစာ၌ လက်ယာဘက်သည် အမြင့်ဆုံးသောနေရာ၊ ပထမဆုံးနေရာ ဖြစ်သည် - ညွှန်း၊ ဟေဗြဲ၊၁း၃။
2. အသက်၏စီးဆင်းခြင်းသည် ကျွန်ုပ်တို့အတွင်း၌ အဦးဆုံးနေရာ၌ရှိရမည်၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းနှင့် အလုပ်၌ ထိန်းချုပ်ပေးနေသော အကြောင်းရင်း ဖြစ်လာရမည်ဖြစ်သည် - ဗျာ၊၂၂း၁။ ကော၊၁း၁၈။

E. စီးဆင်းခြင်းသည် ယဇ်ပလ္လင်ဘေးဘက်မှ ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကားတိုင်၏ဆက်ဆံဖြေရှင်းခြင်းကို လိုအပ်ပြီး၊ အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ရန် အပြည့်အဝဆက်ကပ်အပ်နှံခြင်းကို လိုအပ်ကြောင်း ပြသနေသည် - ယေဇ၊ ၄၇း၁။

F. အသက်၏စီးဆင်းခြင်း တိုးပွားလာခြင်းအတွက် ကျွန်ုပ်တို့သည် ကြေးညိုလူသားအဖြစ် သခင်ဘုရားအားဖြင့် တိုင်းတာခြင်းခံရရန် လိုအပ်သည် - ၄၀း၃။ ၄၇း၂-၅။ ဗျာ၊၁း၁၅။ ညွှန်း၊ ယော၊၇း၃၇-၃၉။

1. တိုင်းတာခြင်းမှာ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်း၊ စီရင်ခြင်းနှင့် ပိုင်ဆိုင်ခြင်းရှိရန် ဖြစ်သည်။ အတောင်တစ်ထောင် တိုင်းတာခြင်းလေးခုသည် ပြည့်စုံသောယူနစ်တစ်ခုဖြစ်ပြီး (ညွှန်း၊ ဆာ၊၈၄း၁၀)၊ ဖန်ဆင်းခံများအဖြစ် ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် အကုန်အစင် တိုင်းတာခံရန် လိုအပ်သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို သိမ်းပိုက်၍ အကုန်အစင် ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ညွှန်ပြနေသည် (ဟေရှာ၊၆း၁-၈)။
2. ကျွန်ုပ်တို့သည် သခင်ဘုရားအား ကျွန်ုပ်တို့ကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စီရင်ခြင်းဖြင့် ကျွန်ုပ်တို့ကို ပိုင်ဆိုင်ရန် အခွင့်ပေးလေလေ၊ စီးဆင်းမှုသည် နက်ရှိုင်းလာလေလေဖြစ်သည်။ စီးဆင်းခြင်း၏နက်ရှိုင်းမှုသည် သခင်ဘုရားအားဖြင့် ကျွန်ုပ်တို့ မည်မျှ တိုင်းတာခံရခြင်းအပေါ် မူတည်နေပါသည် - ညွှန်း၊ ၁ယော၊၁း၅၊ ၇။
3. ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် တိုင်းတာခြင်း ခံရလေလေ၊ ကျွန်ုပ်တို့သည် အသက်၏ကျေးဇူးတော်စီးဆင်းခြင်းအားဖြင့် တင်းကျပ်ခြင်းနှင့် ကန့်သတ်ခြင်း ခံရလေလေဖြစ်ကာ၊ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကူးရသောမြစ်အဖြစ် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရား၌ နစ်မြုပ်ကာ၊ သယ်ဆောင်သွားခြင်းခံရသည့်တိုင်အောင် ဖြစ်လေသည်။ တစ်

နည်းအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လွတ်လပ်မှုအားလုံးကို ဆုံးရှုံးသွားကြရသည်၊ သို့သော် အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် အမှန်တကယ်ပင် လွတ်လပ်ခြင်း ရှိကြရလေသည် - ယေဇ၊၄၇း၄-၆။

G. မြစ်ရေက အရာခပ်သိမ်းကို အသက်ရှင်ခြင်း ဖြစ်စေသည်။ မြစ်ရေ၏ စီးဆင်းခြင်းသည် သစ်ပင်များ၊ ငါးများနှင့် တိရစ္ဆာန်များကို ထုတ်လုပ်ပေးသည် - အငယ်၊၇၊ ၉-၁၀၊ ၁၂။

H. မြစ်ရေသည် ခြောက်သွေ့သော၊ ကွဲအက်သော မြေကို ရေလောင်းကာ၊ သေခြင်းရေများကို အနာငြိမ်းစေသည်။ ဤရေလောင်းခြင်းနှင့် အနာငြိမ်းစေခြင်းမှာ အသက်ကို ထုတ်လုပ်ခြင်းအကြံအစည်အတွက် ဖြစ်သည် - အငယ်၊၈။

1. မြစ်ရေသည် စိမ့်မြေနှင့် ရွံ့မြေတို့ကိုမူ အနာမငြိမ်းပေးနိုင်ပေ။ စိမ့် သို့မဟုတ် ရွံ့မြေသည် စပ်ကြားမြေ၊ လမ်းခုလတ်နေရာ၊ အပေးအယူလုပ်ခြင်းနှင့် မပူမအေးဖြစ်ခြင်းရှိရာနေရာ ဖြစ်သည် - အငယ်၊၁၁။ ညွှန်း၊ ဗျာ၊၃း၁၅-၁၆။

2. အသက်၏စီးဆင်းခြင်းအတွက်၊ အသင်းတော်အသက်တာအတွက် သခင်ယေရှုသည် လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းကို အလိုရှိသည်၊ တောင်းဆိုနေသည်။ လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် စီးဆင်းခြင်း၌ ရှိကြကာ၊ စီးဆင်းခြင်းသည် တစ်စက်တစ်စက်စီးကျခြင်းမဟုတ်ဘဲ၊ ကူးရသောမြစ်ဖြစ်လိမ့်မည်ဖြစ်သည်။ ထိုအခါ အရာခပ်သိမ်းသည် မြစ်ရေရောက်လာသောနေရာတိုင်း၌ အသက်ရှင်ခြင်းရှိလိမ့်မည်။

**II. ကျွန်ုပ်တို့က ခရစ်တော်ကို အသက်၏စီးဆင်းခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အံ့သြဖွယ်သော အသက်ဆိုင်ရာတည်ဆောက်ခြင်းဖြစ်သည့် ဘုရားသခင်၏ ခမ်းနားထည်ဝါသော အိမ်တော်အတွက် အသက်ကို အမှုဆောင်ခြင်းနှင့်အတူ မျိုးကြဲသူများ၊ စိုက်ပျိုးသူများ၊ ရေလောင်းသူများ၊ မွေးဖွားသူများ၊ ကျွေးမွေးသူများနှင့် တည်ဆောက်သူများဖြစ်ကြရန်ပင် ဖြစ်သည် - ၂ကော၊၃း၆။**